# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂။)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်**

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

**အခန်း(၂)**

**နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို စိစစ်ခြင်း**

၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

၃။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇန်နဝါရီလ ၃၀ ရက်နေ့မတိုင်မီ တင်ပြရမည်။

၄။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ဆောင်ရွက်ရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ တင်ပြရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာသုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလိုဆောင်ရွက်ရမည်။

**အခန်း(၃)**

**နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အတူ ပူးတွဲပါရှိရမည့်အချက်များ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရာတွင် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အကျဉ်းချုပ်ဇယားများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်၊

(ခ) ဘဏ္ဍာရေးဝန်ကြီး၏ ရှင်းလင်းတင်ပြချက်တွင် အောက်ပါအချက်များပါဝင်ရမည်-

(၁) နှစ်လတ်ဘဏ္ဍာရေး လျာထားချက်၊

(၂) ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ၊

(၃) မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်၊

(၄) နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်များ၊

(၅) ဘဏ္ဍာရေးဝန်ကြီး၏ ယခင်နှစ် ရှင်းလင်းတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊

(၆) ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊

(၇) နိုင်ငံတော်၏ ကြွေးမြီအရပ်ရပ် အခြေအနေတင်ပြချက်၊

(ဂ) ပြည်သူများ လွယ်ကူရှင်းလင်းစွာ သိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ် ဖော်ပြချက်၊

(ဃ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကုန်သွယ်မှုအရှုံးအမြတ်စာရင်းများနှင့် ဘဏ္ဍာရေးအခြေအနေ ဖော်ပြချက်။

**နှစ်လတ်ဘဏ္ဍာရေးလျာထားချက်**

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်တင်ပြရာတွင် ယမန်နှစ်၏ ရှေ့ပြေးအမှန်၊ လက်ရှိနှစ်၏ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း၊ ရှေ့လာမည့် နှစ်နှစ်အတွက် မျှော်မှန်းချက်စာရင်းများကို လက်ရှိနှစ်၏ ဈေးကွက်ဈေးနှုန်းများဖြင့် အောက်ပါအချက်များ ပါဝင်စေလျက် ဖော်ပြရမည်-

(က) ရငွေ၊

(ခ) သုံးငွေ၊

(ဂ) ဘတ်ဂျက်လိုငွေ၊

(ဃ) လိုငွေကိုဖြည့်ဆည်းခြင်း၊

(င) ကြွေးမြီလျာထားချက်။

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေး လျာထားချက်ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊ အခြေခံလျာထား အသုံးစာရင်းရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်နှင့် ထပ်မံလိုအပ်ငွေကို ဖြည့်ဆည်းခြင်းတို့ကို ဖော်ပြရမည်။

**ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ**

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒနှင့်စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(က) ဘဏ္ဍာရေးမူဝါဒနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးမူဝါဒနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အသေးစိတ်ဖော်ပြရမည်-

(၁) အခွန်ဆိုင်ရာမူဝါဒ၊

(၂) အသုံးစရိတ်မူဝါဒ၊

(၃) ချေးယူခြင်း၊ ထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် သက်ဆိုင်သော မူဝါဒ။

(ဂ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေးမှုအစီအစဉ်များ၊

(ဃ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် လျာထားချက်များ၊

(င) မူဝါဒနှင့်စပ်လျဉ်း၍ သုံးသပ်ချက်၊

(စ) အခြားလိုအပ်ချက်များ။

**မက်ခရို စီးပွားရေးအခြေအနေဖော်ပြချက်**

၁၂။ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်နှင့် စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) ဂျီဒီပီ(GDP)တိုးတက်မှုနှုန်း၊

(ဂ) ပို့ကုန်၊ သွင်းကုန်၊ အရန်ငွေကြေး၊ ကုန်သွယ်မှု လိုငွေ ပိုငွေ၊

(ဃ) ငွေကြေး၊ ဘဏ်စနစ်နှင့် အရင်းအနှီးဈေးကွက်၊

(င) ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ၊

(စ) မက်ခရိုစီးပွားရေးအခြေအနေ အလားအလာများ။

**အခန်း(၄)**

**နှစ်စဉ်ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း ပြုစုခြင်း**

၁၃။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သောကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ဖြည့်စွက်ရန်ပုံငွေ လိုအပ်ချက်ရှိပါက နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၅။ ပြည်ပချေးငွေနှင့် ပြည်ပထောက်ပံ့ငွေများကို ဝန်ကြီးဌာနအလိုက် ဖော်ပြရမည်။

၁၆။ နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရေးဆွဲဖော်ပြရာတွင် လာမည့်နှစ်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လျာထားသည့် ထောက်ပံ့ငွေနှင့်ချေးငွေများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကြိုတင်သိရှိနိုင်ရန် ဖော်ပြထည့်သွင်း လျာထားရမည်။

၁၇။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ပြည်ပမှ ငွေချေးယူခြင်းအတွက် နိုင်ငံတော်ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည့်အပြင် ထိုကဲ့သို့ အာမခံထားငွေ စုစုပေါင်းကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်ပြရာတွင် ထည့်သွင်း ဖော်ပြရမည်။

**အခန်း(၅)**

**အစီရင်ခံစာ တင်သွင်းခြင်း**

၁၈။ ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ဝက်အစီရင်ခံစာကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ အောက်တိုဘာလအတွင်းတွင် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကိုယ်စားဘဏ္ဍာရေးဝန်ကြီးက တင်ပြရမည်။

၁၉။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးက တင်ပြရမည်။

**အခန်း(၆)**

**အထွေထွေ**

၂၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုဒ်မ ၁၀၆ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။**